# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 15 , 2022 Volume 60, Number 10

| ၁၅.၁၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၂.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၄.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၈၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အာဆီယံစီးပွားရေးအသိုက်အဝန်း-၂၀၂၅ (ASEAN Economic Community 2025– AEC 2025) လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ(၃) ခုနှင့် ပတ်သက်သည့် အစည်းအဝေးကျင်းပ



https://www.commerce.gov.mm

နိုဝင်ဘာလ ၁၄ (တနင်္လာနေ့) နေ့လယ် (၁၄:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂) တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ (ASEAN Economic Community 2025– AEC 2025) လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ(၃) ခုနှင့်စပ်လျဉ်းသည့် အစည်းအဝေး ကို Online + Offline ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်က တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ (ASEAN Economic Community 2025– AEC 2025) လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီ (၃)ခုဖြစ်သည့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ပုဂ္ဂလိကအခန်း ကဏ္ဍ ခိုင်မာတောင့်တင်းစေရေးနှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း ကော်မတီများ၏ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ရာ၌ အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ (ASEAN Economic Community 2025 – AEC 2025) ဖော်ဆောင်နိုင်ရေးအတွက် ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်မှာပါဝင်တဲ့ ကုန်စည်၊ ဝန်ဆောင်မှုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြရသော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ပိုမိုပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနအလိုက် ဆောင်ရွက်ကြရာတွင် တွေ့ကြုံရသည့်အခက်အခဲများရှိပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ယခုကျင်းပသည့် အစည်းအဝေးတွင် ပွင့်လင်းစွာဖြင့် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ အတွင်းရေးမှူးများ၊ ဘာသာရပ်တာဝန်ခံများမှ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီးမှ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ (ASEAN Economic Community 2025 – AEC 2025) လုပ်ငန်းစီမံချက်တွင်ပါဝင်သည့်

လုပ်ငန်းကော်မတီ(၂၂)ခုအနက် (၃) ခုဖြစ်သော ကုန်စည်ကုန်သွယ်ရေးလုပ်ငန်းကော်မတီ၊ ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ခိုင်မာတောင့်တင်းစေရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီတို့၏ အဖွဲ့ဝင်သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း (၇၉) ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:**https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B–

## မတ်ပဲဈေးတက်မလာပဲ ဈေးငြိမ်နေ

ယခင်သီတင်းပတ်အတွင်း မတ်ပဲဈေးနှုန်း တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဝန်းကျင်ဖြင့် ဈေးငြိမ်နေခဲ့ပြီး ယခုသီတင်းပတ်တွင်လည်း ယခင်ဈေးအတိုင်း ဆက်လက်တည်ရှိနေခဲ့သည်။ ရောဝတီတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်ခဲ့သော မတ်ပဲ ဈေးနှုန်းများမှာ နိုဝင်ဘာလ ၃ ရက်နေ့တွင် တစ်တင်းလျှင် ကျပ် ၅၇၅၀၀၊ ၄ ရက်နေ့တွင် ကျပ် ၅၈၀၀၀ ၊ ၈ ရက်နေ့တွင် ကျပ် ၆၀၀၀၀၊ ၉ ရက်နေ့တွင်ကျပ် ၆၀၀၀၀၊ ၁၀ ရက်နေ့တွင် ကျပ် ၆၀၃၀၀၊ ၁၁ ရက်နေ့တွင် ကျပ် ၅၉၈၀၀၊ ၁၂ ရက်နေ့တွင် ကျပ် ၆၀၀၀၀၊ ၁၃ ရက်နေ့တွင် ကျပ် ၅၈၈၀၀ အသီးသီးဖြစ်ခဲ့ပါသည်။

ယခုသီတင်းပတ် ကာလအတွင်း မြန်မာငွေကြေးဈေးနှုန်း အတက်အကျတည်ငြိမ်နေပြီး မတ်ပဲဈေးနှုန်းလည်း ကျပ် ၆၀၀၀၀ ဝန်းကျင်တွင် တည်ငြိမ်နေကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် မြန်မာမတ်ပဲ ဈေးနှုန်းများမှာ မတ်ပဲ SQ ၁ တန်လျှင် CNF ဈေးနှုန်း $950 နှင့် FAQ ဈေးနှုန်း $815 ဖြစ်ပြီး၊ မတ်ပဲ FAQ ၏ FOB ဈေးနှုန်းမှာ ၁ တန်လျှင် $ 770 ဖြစ်ကြောင်း သိရှိရပါသည်။

နိုဝင်ဘာလအတွင်း မြန်မာမတ်ပဲကွန်တိန်နာ ၂၀–၂၅ ခန့်တင်ပို့ခဲ့ပြီး ပြည်တွင်းကုန်သည်များ၏ ခန့်မှန်းချက်အရ မြန်မာမတ်ပဲလက်ကျန်တန်ချိန် ၁၅၀၀၀ နှင့် ပဲစင်းငုံလက်ကျန် တန်ချိန် ၂၀၀၀၀ ခန့်မှန်းကျန်ရှိနိုင်ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံ၏ NAFED အနေဖြင့် တင်သွင်းလာသည့် မြန်မာမတ်ပဲများထဲမှ တန်ချိန် ၁၀၀၀၀ ကို ၁ ကွမ်တယ်လျှင် Rs 7100–7490 နှုန်းဖြင့် ဝယ်ယူခဲ့ပြီး ပဲခွဲစက်များမှ အရည်အသွေးကောင်း မတ်ပဲဝယ်လိုအားကြောင့် လာမည့်ဆောင်းရာသီတွင် မတ်ပဲဝယ်လိုအားများ မြင့်တက်လာနိုင်ကြောင်း Agri World Mumbai က ထုတ်ပြန်ချက်အရ သိရှိရပါသည်။

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်း ပြန်လည်ဖွင့်လှစ်မည့်သတင်းများကြောင့် တရုတ်သို့တင်ပို့နေသည့် ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံများ၏ ဈေးနှုန်းများ တက်လာနေသော်လည်း မတ်ပဲဈေးနှုန်းမှာ ဈေးငြိမ်နေသည့် အနေအထားတွင်ရှိပြီး မြန်မာမတ်ပဲ ပြန်လည်စိုက်ပျိုးသည့် ရာသီချိန်တွင်ဖြစ်ပေါ်နေသည့် လက်ရှိဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်နိုင်ကြောင်း၊ အိန္ဒိယဘက်မှ ဝယ်လိုအားကြောင့် ဈေးအနည်းငယ် တက်လာနိုင်သော်လည်း ဈေးအမြင့်တန်းရရှိရန် မျှော်လင့်၍မရနိုင်ကြောင်း သုံးသပ်ရပါသည်။

**Source: ရောကုန်သွယ်မှုဇဟိုဌာန**

## မန္တလေးကုန်စည်ဒိုင်သို့ ပြောင်းဖူးစေ့အသစ်ဝင်ရောက်နေပြီး အရောင်းသွက်၍ဈေးမြင့်လာ

နိုဝင်ဘာလ ဒုတိယပတ် မန္တလေးကုန်စည်ဒိုင်သို့ မတ္တရာ၊ စဉ့်ကူး၊ လားရှိုး၊ သီပေါ၊ ကျောက်မဲနှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပြောင်းဖူးစေ့အသစ်များဝင်ရောက်နေပြီး တရုတ်ဝယ်လက်နှင့် တိရစ္ဆာန်အစာတောင့်စက်ရုံများမှ ဝယ်ယူနေကြောင်း၊ အရောင်းသွက်၍ ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

ရှမ်းပြောင်းဖူးစေ့ ၅၄ ပိဿာဝင်သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၇၅၀၀ မှ ၅၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၄၀၀၀ မှ ၅၅၀၀၀ ၊ ယခင်လ ကျပ် ၅၀၀၀၀ မှ ၅၁၀၀၀ ဖြစ်ခဲ့သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၃၀၀၀ မှ ၃၅၀၀ ၊ ယခင်လထက်ကျပ် ၇၀၀၀ မှ ၇၅၀၀ မြင့်တက်လာသည်။

စီပီပြောင်း ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၇၅၀၀ မှ ၅၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၆၅၀၀ မှ ၅၆၀၀၀၊ ယခင်လ ကျပ် ၅၀၀၀၀ မှ ၅၀၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀ ၊

ယခင်လထက်ကျပ် ၇၅၀၀ မြင့်တက်လာသည်။

ဗမာပြောင်းဖူးစေ့ ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၆၅၀၀ မှ ၅၇၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၄၀၀၀ မှ ၅၅၀၀၀၊ ယခင်လ ကျပ် ၄၉၀၀၀ မှ ၅၀၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၂၅၀၀ ယခင်လထက် ကျပ် ၇၀၀၀ မှ ၇၅၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်နေ့အထိ စစ်တွေကုန်သွယ်ရေးစခန်းမှ **ကုန်သွယ်မှုသတင်း**

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၉-၁၀-၂၀၂၂) မှ (၄-၁၁-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် နနွင်းတက်၊ အုန်းသီးခြောက်၊ စစ်တုံ့ဥ၊ ဂျင်း(အစို)၊ ဇီးသီးခြောက်၊ ဇီးဖတ်၊ မန်ကျည်းစေ့၊ ငါးစုံလေးခြောက်၊ ငါးကုန်းညှိခြောက်၊ ဇီးယိုထုပ်နှင့်ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃၆၃၅၇ ဒသမ ၅၅ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ဇီးဖတ်တန်ချိန် ၁၃၆ ဒသမ ၅ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးဖတ်တန်ချိန် ၇၆ ဒသမ ၆ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးဖတ်တန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ်က ဇီးဖတ်တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၅၆၉၇ ဒသမ ၅ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်အနေဖြင့် ငါးမြစ်ချင်း တန်ချိန် ၁၀၄ ဒသမ ၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်း တန်ချိန် ၂၀၂ ဒသမ ၄ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းတန်ချိန် တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ်က ငါးမြစ်ချင်း တင်ပို့နိုင်မှု ငွေပမာဏမှာ ၁၃၁၃၆၈ ဒသမ ၈ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်ပစ္စည်းများအနေဖြင့် JUTE BAG ၊ T-SHIRT(MEN) နှင့် Zinc water Pot တို့တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၃၀၀၀ ဒေါ်လာ တင်သွင်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: **သဇင်မြေကုန်သွယ်မှုဗဟိုဌာန**

## ပခုက္ကူကြက်သွန်ဈေးကွက်သို့ မိုးကြက်သွန်သစ် ဝင်ရောက်မှုများပြားလာပြီး တစ်ပိဿာ ကျပ် ၂၅၀၀ အထိ ပေါက်ဈေးရှိ



https://news-eleven.com/article/240382

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း နိုဝင်ဘာလလယ်ပိုင်းမှစ၍ မိုးကြက်သွန်သစ် ဝင်ရောက်မှုများပြားလာပြီး တစ်ပိဿာလျှင် အမြင့်ဆုံး ကျပ် ၂၅၀၀ အထိ ပေါက်ဈေးရှိကြောင်း ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

မိုးကြက်သွန်သစ်မှာ ယခင်ပိဿာချိန် ထောင်ဂဏန်းသာ ဝင်ရောက်ရာမှ နိုဝင်ဘာလလယ်တွင် ပိဿာချိန်တစ်သောင်းကျော် ဝင်ရောက်လာပြီး ကြက်သွန်အဟောင်းမှာ ထပ်မံဝင်ရောက်ခြင်းမရှိတော့ကြောင်းသိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် တစ်သောင်းငါးထောင်ခန့် ဝင်ရောက်သည့် နိုဝင်ဘာလ ၁၄ ရက်နေ့ဈေးကွက်တွင် ဂွန်ကြီးတစ်ပိဿာ ကျပ် ၂၅၀၀၊ ဂွန်လတ်တစ်ပိဿာ ကျပ် ၂၂၀၀ -၂၃၀၀၊ ဂွန်သေးတစ်ပိဿာ ကျပ် ၂၀၀၀ – ၂၁၀၀ ပေါက်ဈေးရှိပြီး ဂျူးအသေးစမှာ တစ်ပိဿာ ကျပ် ၁၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။ “မိုးကြက်သွန်သစ်က ကုန်ဝင်များလာပြီ။ နောက်ရက်ဆိုရင် တစ်ရက်ပိဿာချိန် ငါးသောင်းလောက်အထိ ဝင်လာနိုင်တယ်။ ဈေးကောင်းရင် ကုန်ဝင်များနိုင်တယ်။ လက်ရှိဝင်လာတဲ့ ကြက်သွန်က အစိုဓာတ်များတာရော အနာလည်း

ပါတာကြောင့် လက်ကားသမားက မဆွဲသေးဘူး။ ပစ္စည်းကောင်းစောင့်နေတုန်းပဲ။ လက်လီသမား အဓိက ဝယ်နေတယ်။ လက်ရှိဈေးတန်းကတော့ တောင်သူအကျိုးအမြတ်ရှိပါတယ်” ဟု ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူ တစ်ဦးက ပြောကြားသည်။

ယခုနှစ်တွင် မြေဩဇာဈေးကြီးမြင့်ခြင်း၊ နယ်မြေမတည်ငြိမ်ခြင်းများကြောင့် စိုက်ပျိုးနိုင်မှုလျော့ကျပြီး ပုံမှန်နှစ်များထက် အထွက်နှုန်း သုံးပုံတစ်ပုံခန့် လျော့နည်းနိုင်ကြောင်းသိရသည်။ “ပြီးခဲ့တဲ့ အောက်တိုဘာလ မိုးရွာတုန်းက ရေပိတ်တဲ့အခင်းတွေက နည်းနည်းနာသွားတော့ စောဖော်ကြတယ်။ စိုက်တာလည်းနောက်ကျ ရေလည်းလွတ်တဲ့သူက လာမယ့်တစ်ပတ်လောက်မှဖော်ကြမယ်။ အထွက်က ကောင်းတဲ့သူလည်းကောင်းတယ်။ မကောင်းတဲ့သူလည်း မကောင်းဘူး။ ဒီနှစ်က မြေဆီဈေးမြင့်တော့ မြေဆီသိပ်မကျွေးနိုင်ဘူး” ဟု ရေစကြိုမြို့နယ်မှ တောင်သူတစ်ဦးကဆိုသည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ကြက်သွန်ရောင်းဝယ်ရေးရာသီတွင် ဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများ ဆုံးရှုံးမှုများပြားခဲ့ပြီး ယခုနှစ် ဩဂုတ်လမှစ၍ ကြက်သွန်ဈေး ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/240382

## ကမ္ဘာ့ကုန်သွယ်မှုတွင် ကွမ်းသီးအရေးပါလာပုံနှင့် ကွမ်းသီးအသုံးဝင်ပုံ

ကွမ်းသီးသည် လယ်ယာထွက်ကုန်အုပ်စုဝင် သီးနှံတစ်ခုဖြစ်သည်။ ကွမ်းသီးကိုအာရှတိုက်ရှိနိုင်ငံများ၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ရိုးရာအစဉ်အလာတစ်ခုအနေဖြင့် ရိုးရာပွဲတော်များတွင် စားစရာသီးနှံတစ်ခုအနေဖြင့် လည်းကောင်း၊ သက်ဆိုင်ရာယဉ်ကျေးမှုနှင့်ဘာသာရေးအလိုက် အသုံးပြုသည့်ပုံစံများ အနည်းငယ်စီကွဲပြားကာ ကွမ်းသီးကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိကြသည်။ သို့သော်လည်း ယခုခေတ်မီဖွံ့ဖြိုးသောနည်းပညာတိုးတက်သည့်ခေတ်တွင် ကွမ်းသီး၏အသုံးဝင်ပုံမှာ များပြားလာသဖြင့် ကမ္ဘာ့ကုန်သွယ်မှုတွင် ကွမ်းသီးသည် အရေးပါသည့်သီးနှံတစ်ခု ဖြစ်လာသည်။ ကွမ်းပင်သည်အပူပိုင်းဒေသတွင် ကြီးထွားသောအပင်ဖြစ်သဖြင့် အာရှနိုင်ငံအများစုဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ မလေးရှား၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံ၊ ဘူတန်၊ သီရိလင်္ကာ၊ နီပေါနှင့်အာဖရိကတိုက်တွင် ကင်ညာ၊ မောလ်ဒိုက် စသည့်နိုင်ငံတို့တွင် စိုက်ပျိုးဖြစ်ထွန်းသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင်ကွမ်းသီးစိုက်ပျိုးထုတ်လုပ်မှု အများဆုံး နိုင်ငံတစ်ခု ဖြစ်ပြီး၊ ကမ္ဘာ့ဈေးကွက်သို့လည်း ဈေးကွက်ဝေစု၏ တစ်ဝက်ခန့်ကို ဖြန့်ဝေလျက်ရှိသည်။ အရှေ့တောင်အာရှ နိုင်ငံများ ဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာနှင့်သီရိလင်္ကာ စသည့်နိုင်ငံများမှလည်း ကွမ်းသီး၏ကမ္ဘာ့ဈေးကွက်ဝေစုကို အများဆုံးရယူထားသည့် နိုင်ငံများအဖြစ် ရပ်တည်လျှက်ရှိကြသည်။

နိုင်ငံတကာတွင် ကွမ်းသီးကုန်သွယ်မှုကို လေ့လာမည်ဆိုပါက ၁၉၆၅ ခုနှစ်နောက်ပိုင်းမှစ၍ ကွမ်းသီးကုန်သွယ်မှုများ ရှိလာပြီး၊ ကွမ်းသီးစိုက်ပျိုးသည့် နိုင်ငံများတွင်လည်း စိုက်ပျိုးဧရိယာများ တိုးချဲ့စိုက်ပျိုးလာကြသည်။ ကွမ်းသီး စိုက်ပျိုးမှုနှင့် ပတ်သက်၍ လေ့လာထားသည့်စာတမ်းတစ်ခုတွင် သုတေသနပြုထားသည်မှာ ကမ္ဘာတွင်ကွမ်းသီးစိုက်ပျိုးမှုသည် ၁၉၆၁ ခုနှစ်မှစ၍ ၂၀၂၀ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှ စိုက်ပျိုးမှုနှုန်းမှာ (၃.၆၆%) စီ တိုးတက်နေသည်ဟု ဖော်ပြထားသည်။

ကမ္ဘာ့ကုန်သွယ်မှုတွင် ကွမ်းသီးကို အဓိကတင်ပို့နေသည့် ထိပ်တန်း(၅)နိုင်ငံမှာ အင်ဒိုနီးရှား၊ မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် မလေးရှားတို့ဖြစ်ပြီး၊ အဓိကတင်သွင်းနေသည့် ထိပ်တန်း(၅)နိုင်ငံမှာ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အီရန်၊ တရုတ်တို့ဖြစ်ကြပြီး၊ အာရှနိုင်ငံများမဟုတ်သည့်အာရပ်စော်ဘွားများနိုင်ငံ၊ မော်လ်ဒိုက်နှင့် အမေရိကန်ပြည်ထောင်စု တို့မှလည်း ကွမ်းသီးတင်သွင်းမှုများကို ဆောင်ရွက်လာကြောင်းသိရပါသည်။ ဤသို့ ကွမ်းသီးလိုအပ်သည့်ဈေးကွက်များပြားလာခြင်းကြောင့် ထိုင်းနိုင်ငံတွင် အချိန်တိုတိုအတွင်း အသီးသီးနိုင်ပြီး ရောဂါ/အပြစ်အနာကင်းစင်သော ကွမ်းသီးများ ထုတ်လုပ်နိုင်ရေး သုတေသနပြုနေကြောင်းနှင့် အင်ဒိုနီးရှားတောင်ပိုင်းဒေသများတွင်လည်း ကွမ်းပင်စိုက်ပျိုးသော ဧရိယာများကို ယခင်နှစ်များထက် (၂၀%) တိုးမြှင့်လိုက်ကြောင်းသိရှိရသည်။

ဤသို့ကွမ်းသီးကုန်သွယ်မှုဈေးကွက်များပြားလာခြင်းအကြောင်းရင်းများမှာ ကွမ်းသီးမှအခြေခံကုန်ကြမ်းကို အသုံးပြုပြီး၊ မိတ်ကပ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆေးဆိုးခြင်းလုပ်ငန်းတို့တွင် အဓိက အသုံးပြုကြောင်းသိရသည်။

တရုတ်နိုင်ငံတွင် ကွမ်းသီးကို ချောကလက်မုန့်လုပ်ငန်းတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် နည်းစနစ်ကိုအသုံးပြု၍ ဆာရီများတွင် အရောင်ကာလာဆိုးခြင်းနှင့် ဆေးဝါးထုတ်လုပ်ခြင်းများတွင်လည်းကောင်း အသုံးပြုကြပြီး အမေရိကန်နိုင်ငံတွင် ယင်းတို့အသုံးပြုမှုများနှင့်မတူပဲသစ်သားထုတ်လုပ်ခြင်းလုပ်ငန်း၊ သတ္တုဆေးမှုတ်ခြင်းလုပ်ငန်းများတွင် အသုံးပြုကြကြောင်းသိရသည်။ ထို့အပြင်ကွမ်းသီးကို အမှုန့်အဖြစ်ကြိတ်ပြီး၊ တစ်ခြားသော ဓါတုပစ္စည်းများ ပေါင်းစပ်ကာ (ရေမွှေးသုံး) ရနံ့အဆီအဖြစ်လည်း ထုတ်လုပ်ကြောင်းသိရသည်။ မြန်မာနိုင်ငံမှ ကွမ်းသီးကို တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံများမှ တင်သွင်းသူများအနေဖြင့် အခွန်ကင်းလွတ်ခွင့် (၀%) ဖြင့်တင်သွင်းနိုင်ပါသဖြင့် မြန်မာနိုင်ငံမှ ကွမ်းသီးတင်ပို့သူများအနေဖြင့် ပိုမိုတင်ပို့နိုင်မည့်အခွင့်အလမ်းကောင်းများရှိနေပြီးဖြစ်ပါသည်။

**Source: https://doi.org**

**Areca Nut Indonesia/United States Trending Tridge.com**

https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%80%E1%80%99%E1%80%B9%E1%80%98%E1%80%AC%E1%80%B7%E1%80%80%E1%80

## အောက်တိုဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်ပိဿာချိန် သိန်း ၃၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

အောက်တိုဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်ပိဿာချိန် သိန်း ၃၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များ အသင်းဝင် ဦးသက်နိုင်၏ ပြောဆိုချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တစ်နှစ်ပတ်လုံးတင်ပို့ရောင်းချလျက်ရှိပြီး အောက်တိုဘာလအတွင်း ငါးတန်၊ ငါးမုတ်၊ ငါးရှဉ့် ပိဿာချိန် သိန်း ၃၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ စက်တင်ဘာလက ပိဿာချိန် ၁၅ သိန်းအထိသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "ဧရာဝတီတိုင်းဒေသကြီးက ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာက တခြားဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဝင်နည်းနေလို့ပါ။ ပြီးခဲ့တဲ့လကထက် ရေထွက်ကုန်ပိဿာချိန် ၁၅ သိန်းအထိ ပိုမိုတင်ပို့ခဲ့ရပါတယ်။ ကုန်ချိန်များများ တင်ပို့လာရပေမယ့် ရေထွက်ကုန်ပစ္စည်းတွေရဲ့ ဈေးတွေကတော့ သိပ်လှုပ်လှုပ်ခတ်ခတ်မရှိပါဘူး။ ရေထွက်ကုန် ပစ္စည်းတွေထဲမှာ ငါးရှဉ့်၊ ငါးမုတ်နဲ့ ငါးတန်တွေကို အဓိကထားတင်ပို့ခဲ့ရတယ်" ဟု ဦးသက် နိုင်ကပြောသည်။
ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့်ရေထွက်ကုန်ပစ္စည်းများကို ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူ၍ အရွယ်အစားခွဲကာ သန့်စင်စစ်ဆေးပြီးနောက် ကုန်တင်ယာဉ်များ၊ ကုန်တင်ရေယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်မန္တလေးမြို့တို့သို့တင်ပို့ကာ တရုတ်နှင့် ထိုင်းနိုင်ငံဈေးကွက်များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၊ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀၊ ငါးရှဉ့် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/32807

## မန္တလေးဈေးကွက်အတွင်း မြင်းခြံကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ပေါက်ဈေးရှိနေ

မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့်ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ပေါက်ဈေးရှိနေကြောင်း အာလူးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလဒုတိယပတ်မှစ၍ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားသဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။



https://www.foodindustrydirectory.com.mm

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေတော်တော်များများ ဝယ်ယူနေကြတယ်။ အခုလက်ရှိ မြင်းခြံဘက်ကနေ ဝင်လာတဲ့ ကြက်သွန်နီတွေက မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ပြီးရနေတယ်" ဟု အာလူးပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလပထမပတ်က မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာတော့ အခုလတ်တလော မြင်းခြံဘက်ကထွက်ရှိတဲ့ ကြက်သွန်နီက ဈေးအကောင်းဆုံးအနေအထားမှာရှိနေတယ်။ မုံရွာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပုံမှန်အတိုင်းပဲဖြစ်နေပါတယ်" ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။

**Source: YDNP**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5303-in-the-mandalay-market,-the-price-of-myeng-farm-onions-is-4300-kyats-per-pound.html

## ဂျာမနီနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ကုန်သွယ်မှုအခြေအနေ

ဂျာမနီနိုင်ငံ၏ စက်တင်ဘာလ ကုန်သွယ်မှုအချက်အလက်များကို Federal Statistical Office (Destatis)က ပြန်လည်ညှိနှိုင်းပြင်ဆင်ထုတ်ပြန်ချက်အရ ပို့ကုန်တန်ဘိုး ယူရို (၁၄၂.၁) ဘီလီယံနှင့် သွင်းကုန်တန်ဘိုး ယူရို(၁၃၄.၀) ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို (၈.၁)ဘီလီယံရှိခဲ့ကြောင်း၊ အမေရိကန်၊ ပြင်သစ်၊ နယ်သာလန်နိုင်ငံတို့သို့ အများဆုံးတင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှအများဆုံးတင်သွင်းမှုရှိခဲ့ကြောင်း သိရှိရပါသည်။

ဂျာမနီနိုင်ငံ၏ မြန်မာနိုင်ငံနှင့် စက်တင်ဘာလကုန်သွယ်မှုတွင် ပို့ကုန်ယူရို (၄.၈၂၄) သန်းနှင့် သွင်းကုန် ယူရို (၂၁၄.၄၅၁) သန်းရှိခဲ့ကြောင်း Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ မြန်မာနိုင်ငံမှ သွင်းကုန်ပိုင်းတွင် ဩဂုတ်လ၌ ယူရို (၁၅၁.၂၂၉)သန်းရှိခဲ့ရာမှ စက်တင်ဘာလ၌ ဩဂုတ်လထက် ယူရို (၆၃.၂၂၂)သန်း(၄၁.၈ ရာခိုင်နှုန်း) ပိုမိုတင်သွင်းခဲ့ရာ CMPအထည်ချုပ် ထုတ်ကုန်များ၊ ဖိနပ်၊ ရော်ဘာ၊ အီလက်ထရောနစ်စက်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ကြောင်း၊ ပို့ကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ဆေးပစ္စည်းများ၊ စက်ပစ္စည်းများနှင့် အီလက်ထရောနစ် ပစ္စည်းများ၊ စက္ကူ၊ ပလပ်စတစ်၊မျက်မှန်နှင့် ဓါတ်ပုံပစ္စည်းတို့ တင်ပို့မှုရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ဂျာမနီနိုင်ငံ၏ စက်တင်ဘာလငွေကြေးဖောင်းပွမှုနှုန်းကို မူလခန့်မှန်းထားသည့် (၁၀.၄)ရာခိုင်နှုန်းအား Federal Statistical Office (Destatis) က (၁၁.၁၁.၂၀၂၂)ရက်နေ့တွင် အတည်ပြုခဲ့ပြီး ဂျာမနီနိုင်ငံ အရှေ့အနောက်ပေါင်းစည်းပြီးနောက်ပိုင်း အမြင့်ဆုံးစံချိန်ကို ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ Federal Statistical Office ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Georg Thiel က စွမ်းအင်ဈေးနှုန်းများမြင့်တက်မှုက အဓိကဖြစ်ပြီး လေ့လာမှုများအရ အခြားကုန်စည်နှင့် ဝန်ဆောင်မှုစရိတ်များ အထူးသဖြင့် စားသောက်ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံတွင် ၂၀၂၂ခုနှစ် စက်တင်ဘာလတွင် ညအိပ်တည်းခိုမှုများ စာရင်းအရ ခရီးသွားလာသူ အရေအတွက် (၄၇.၂)သန်းရှိပြီး ဩဂုတ်လထက် လျော့နည်းခဲ့သော်လည်း ၂၀၂၁ခုနှစ် ကာလတူထက် (၄.၇)ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် ငွေကြေးဝန်ဆောင်မှုနှင့် အာမခံလုပ်ငန်းများအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများမှဝင်ငွေသည် ဇူလိုင်လထက် (၀.၅) ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် ကာလတူထက် (၁၁.၅) ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း သိရှိရပါသည်။

(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)

Source: https://www.destatis.de/EN/Home/_node.html

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1%80%AE%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%

## STOCK EXCHANGE (15.11.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | -100 | -1.09% | 9,100 | 9,200 | 9,100 | 3,776 | 34,523,700 | 33,109,694 | 301,298 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,350 | 6,810 | 23,014,000 | 38,929,150 | 132,359 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,700 | 7,800 | 7,700 | 17 | 131,900 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +500 | +2.63% | 19,500 | 19,500 | 19,500 | 201 | 3,919,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 1,001 | 2,702,750 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 99 | 267,300 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 5,100 | 4,900 | 323 | 1,592,900 | 10,497,598 | 51,438 |


### Market summary

As of 15th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.47 | -1.41 | -0.35% | 403.37 | 407.19 | 402.99 | 12,227 | 66,152,050 | 7 | 703,631 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 15th Nov. 2022

| MYANPIX | 404.47 ▼ 1.41 |
|---|---|
| Total Volume (shares) | 12,227 |
| Total Value (MMK) | 66 mil |
| Listed Company | 7 |
| Market Cap. (MMK) | 703,631 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▼ 100 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 19,500 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 2,700 | ▼ 50 |
| AMATA | 00007 | 4,900 | ▼ 100 |